ADRA

# MINGALABA

JAN - MAR 2024



## ဒေါ်မီမီ၏ခေတ်လမ်း

မတူပီတွင် အာဟာရကြွယ်ဝရန် ပြုစုပျိုးထောင်ခြင်း

Mingalaba
မင်္ဂလာပါ

အတွဲ ၁ | ဇန်နဝါရီလ – မတ်လ ၂၀၂၄ ခုနှစ်

ADRA

## အယ်ဒီတာအဖွဲ့


**အယ်ဒီတာ**

Pyae Phyo Lin

**ကြီးကြပ်မှုအယ်ဒီတာ**

Rajan Pydimalla, Dominic Mwendwa

**ပံ့ပိုးအားဖြည့်ပေးသူများ**

Naw Mu Mu Saw, Aung Bo Bo Htay, Zaw Moe Aung, Nang Moung Koh Pawh Awr, Theint Theint Khaing, Htay Htay Myint, Htet Htet Shein

**ထုတ်ဝေသူ**

‘ မင်္ဂလာပါ ’ သည် ADRA Myanmar ၏ သတင်းလွှာဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်တွင် ပြန်လည် မိတ်ဆက်ထုတ်ဝေခြင်းဖြစ်ပါသည်။ ယင်း သတင်းလွှာပါဓာတ်ပုံများနှင့် အကြောင်းအရာများသည် ADRA Myanmar ၏ မူပိုင်လည်းဖြစ်ပါသည်။


## မာတိကာ


၃

ADRA Myanmar ၏အကြောင်း

၄

ဓာတ်လမ်း/ဆောင်းပါး

၆

ဝန်ထမ်းမိတ်ဆက်

၇

စီမံကိန်းလှုပ်ရှားမှု


## CONTACT US


**The Adventist Development & Relief Agency Myanmar**

Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org


ADRA Myanmar has a zero tolerance policy against cases of Fraud & Corruption, Child Abuse and Harrassment.
To make a report, please visit: **adramyanmar.org/report/**



# ADRA Myanmar ၏အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြု မှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထောက်ပံ့ရေးအကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံး နိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည်အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီးလေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

**1984**

ADRA Myanmar
ရုံးစတင်တည်ထောင်ခဲ့သည်။

## SHAPE စီမံကိန်း



ADRA

# ဒေါ်မီမီ၏ဇာတ်လမ်း



ကျွန်မနာမည်က ဒေါ်မီမီပါ။ အသက်ကတော့ ၄၅ နှစ်ရှိပါပြီ။အခုတော့ချင်းပြည်နယ် မတူပီမှာ  မိသားစုနဲ့အတူ နေပါတယ်။ သားသမီးစုစုပေါင်း ကိုးယောက်ရှိတဲ့အနက် အကြီးဆုံးက အသက် ၁၈ နှစ်နဲ့ အငယ်ဆုံးကလေး ၇ လ ရှိပါပြီ။

ကျွန်မတို့ရဲ့ အဓိက အသက်မွေးဝမ်းကျောင်းကတော့ စိုက်ပျိုးရေးပါ။အများစုကတော့ တောထဲသွားရတာတွေရှိတော့ အရမ်းပင်ပန်းပါတယ်။ SHAPE စီမံကိန်း ကျွန်မတို့ရွာကို မရောက်ခင်က ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေကို ဘယ်လိုချက်ပြုတ်ရမလဲဆိုတာ ဒါမှမဟုတ် ကျွန်မတို့ရဲ့ ဥယျာဉ်မှာ ဟင်းသီးဟင်းရွက်တွေကို စနစ်တကျစိုက်ပျိုးဖို့ဆိုတာတွေကို ကျွန်မအနေနဲ့ သေသေချာချာ မသိခဲ့ပါဘူး။

ဒီရွာမှာ လူအများစုက မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ဆိတ်၊ ဝက်၊ နွားတွေကို အများဆုံးမွေးမြူကြပါတယ်။ အချို့ရွာသားတွေကတော့ ဝဥစိုက်ပျိုးပါတယ်။ အခုတော့စီမံကိန်းနဲ့ ထောက်ပံ့ပေးမှုကြောင့် ကျွန်မရဲ့ အိမ်တွင်းဥယျာဉ်ထဲမှာ ပြောင်း၊ ပဲတီစိမ်း၊ နှမ်းနဲ့ အခြားဟင်းသီးဟင်းရွက်မျိုးစုံကို စိုက်ပျိုးထားပြီးတော့ အဲဒီကနေလည်း မိသားစုဝင်ငွေကို တစ်ဖက်တစ်လှမ်း အထောက်အကူပြုပါတယ်။

ADRA Myanmar က စီစဉ်ပေးတဲ့ အိမ်တွင်းစိုက်ပျိုးရေးနဲ့ အာဟာရ သင်တန်းတွေမှာလည်း ပါဝင်နိုင်တာက အဖိုးမဖြတ်နိုင်ပါဘူး။ အဆင့်ဆင့် သင်ယူမှု လုပ်ငန်းစဉ်တွေက ကျွန်မတို့ကိုပိုမိုစိတ်ဝင်စားစေပြီး ကိုယ်တိုင်လည်းတက်တက်ကြွကြွပါဝင်ပေးတဲ့အတွက် လက်တွေ့မှာလည်း အသိပညာဗဟုသုတတွေ အများကြီး ရပါတယ်။

ADRA အနေနဲ့လည်း အပင်မျိုးစေ့တွေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ရေပိုက်နဲ့ တခြားလိုအပ်တဲ့ ပစ္စည်းကိရိယာ အရင်းအမြစ်တွေကို ပံ့ပိုးပေးပါတယ်။  အရင်က ဟင်းသီးဟင်းရွက်မျိုးစေ့တွေကို ရဖို့ မလွယ်ပေမယ့်အခု SHAPE စီမံကိန်းကြောင့် အခုတော့ ကိုယ်ပိုင် ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးနိုင်ပါပြီ။

ဟင်းသီးဟင်းရွက်ဝယ်စရာ မလိုတော့သောကြောင့် ကျွန်မတို့အတွက် မီးဖိုချောင်အသုံးစရိတ်တွေကို သိသိသာသာ လျော့ကျစေပါတယ်။ အိမ်တွင်းဥယျာဉ်ကနေ ရရှိတဲ့ ဝင်ငွေကလည်း ကျွန်မတို့မိသားစုအတွက် အဆင်ပြေစေပါတဲ့အပြင် စားနပ်ရိက္ခာဖူလုံမှုလည်းရှိစေပါတယ်။

SHAPE စီမံကိန်းအား MFAT နှင့် ADRA New Zealand တို့မှ ရန်ပုံငွေ ပံ့ပိုးပေးထားပါသည်။ ချင်းပြည်နယ်တွင် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို တိုးမြှင့်ရန်နှင့် အာဟာရ လက်လှမ်းမီမှု တိုးတက်စေရန် လုပ်ဆောင်လျက်ရှိသည်။

“ကျွန်မတို့ဒေသမှာ အခုလို ပံ့ပိုးကူညီပေးတဲ့အတွက် ADRA နဲ့ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်” ဟု ဒေါ်မီမီက ပြောဆိုသည်။

# ဝန်ထမ်း မိတ်ဆက်

**20**
**YEARS WITH ADRA**



## AUNG BO BO HTAY
**Food Security & WASH Coordinator**

၁ **ADRA ကိုဘယ်အချိန်က စပြီးဝင်ရောက်ခဲ့တာပါလဲ။**

ADRA ကို ၂၀၀၄ ခုနှစ်မှာ administrative/financial assistant ရာထူးနဲ့ ရှမ်းပြည်ဘက်ကစီမံကိန်းမှာ စတင်လုပ်ကိုင်ခဲ့ပါတယ်။

၂ **ဝါသနာကရော ဘာများပါလဲ။**

သီချင်းနားထောင်တာနဲ့ အားကစားလှုပ်ရှားမှုတစ်ခုခုကိုပါဝင်ရတာပါ။

၃ **ကိုယ့်ရဲ့ရာထူးအပေါ်ကြိုက်နှစ်သက်တာက ဘာများဖြစ်မလဲ**

ကျွန်တော့်အလုပ်ရဲ့ အကောင်းဆုံးအပိုင်းကတော့ တစ်နှစ်ပြီးတစ်နှစ် ပရော်ဖက်ရှင်နယ်ဖြစ်လာဖို့ပါပဲ။ ကျွမ်းကျင်မှုအသစ်တွေကို သင်ယူပြီး တာဝန်ပေးအပ်ထားတဲ့ စီမံကိန်းတစ်ခုစီက နေအသိပညာတွေ ရရှိပါတယ်။ ဒါကလည်းကျွန်တော်အနေနဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့အခါ ပိုမိုချောမွေ့စွာ စီမံခန့်ခွဲနိုင်စေဖို့ကို အကူအညီပေးပါတယ်။

၄ **အမှတ်တရ အရှိဆုံး အတွေ့အကြုံတွေထဲက တစ်ခုကို ပြောပြနိုင်မလား။**

ADRA ဝန်ထမ်းအနေနဲ့ ရေပေးဝေရေးစီမံကိန်းတွေမှာ အောင်မြင်စွာနဲ့ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပြီး ပံ့ပိုးပေးနိုင်ခြင်းက ကျွန်တော်အတွက် မယုံနိုင်လောက်အောင် အကျိုးရှိစေသော အတွေ့အကြုံတစ်ခုပဲဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ ADRA ရဲ့ အစီအစဉ်တွေထဲမှာ လူမှုအသိုင်းအဝန်းကို ဘေးကင်းတဲ့ရေပေးဝေတာ အထူးသဖြင့် ခြောက်သွေ့ရာသီမှာ ရေရှားပါးမှုကိုရင်ဆိုင်နေရတဲ့ ရပ်ရွာလူထုရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျော့ပါးသက်သာရာရစေလို့လည်းဖြစ်ပါတယ်။

၅ **ADRA ၏အလုပ်သည် သင့်အတွက် ဘယ်လိုအဓိပ္ပာယ်ရှိပါသလဲ။**

ADRA က ကျွန်တော်ရဲ့မိခင်အဖွဲ့အစည်းဖြစ်ပြီး အဲမှာပဲလုပ်ကိုင်ကြီးပြင်းလာတာကြောင့် ADRA ရဲ့လုပ်ဆောင်မှုတွေဟာကျွန်တော်အတွက်တော့ အများကြီးအဓိပ္ပာယ်ရှိပါတယ်။ဒ့ါအပြင်၊ စီမံကိန်းတွေကို အကောင်အထည်ဖော်ရင်းနဲ့ ကျွန်တော်တို့က ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကိုပြသဖို့ ဝေးလံခေါင်သီတဲ့ ဒေသတွေက လိုအပ်နေသူတွေကိုလည်း ဆက်သွယ်နိုင်ပါတယ်။

# စီမံကိန်း လှုပ်ရှားမှု





## SEAQE2

SEAQE စီမံကိန်းပိတ်သိမ်းခြင်းအစည်းအဝေးကို မော်လမြိုင်မြို့၌ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ အဆိုပါပွဲသည် ဒေသတွင်းရှိ သက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးအလေ့အကျင့်များအပေါ် အကျိုးသက်ရောက်မှုများနှင့် စီမံကိန်း၏အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ပြည့်စုံသောခြုံငုံသုံးသပ်ချက်ကို ပေးမည်ဖြစ်သည်။

အပြန်အလှန်အကျိုးပြုသည့်ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် စီမံကိန်းဝန်ထမ်းများနှင့် မိတ်ဖက်များသည် ၎င်းတို့၏အတွေ့အကြုံများကို မျှဝေကြပြီး အလေ့အတွေ့အကြုံများကို ဖလှယ်ကြပြီး အကောင်အထည်ဖော်သည့်ဗျူဟာများ၏ ထိရောက်မှုကို စုပေါင်း၍ အကဲဖြတ်ခဲ့ကြသည်။

သင်တန်းကာလအတွင်း ADRA Myanmar Yangon ရုံးမှ ဝန်ထမ်းများ၊ စီမံကိန်းဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ အသီးသီးတက်ရောက်ခဲ့ကြသည်။ ထို့နောက် စီမံကိန်းတာဝန်ရှိသူများက တက်ရောက်လာသူများအား အထူးလက်ဆောင်များနှင့် အမှတ်တရဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။



## BRIGHT

BRIGHT စီမံကိန်းသည် စီမံကိန်းအပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ ငွေဆောင်ကမ်းခြေတွင် မကြာသေးမီက ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသည် စီမံကိန်းလုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ အတွေ့အကြုံများ မျှဝေခြင်းနှင့် အချင်းချင်းသင်ယူခြင်းစသော ရည်ရွယ်ချက်များဖြင့် အဓိကထား၍ ဆွေးနွေးခဲ့သည်။

ထို့ပြင်စီမံကိန်းပိတ်သိမ်းခြင်းအစီအစဉ်ကို အကဲဖြတ်ခြင်းနှင့် TEES နှင့် ALPs များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အစီအစဉ်များနှင့် ကျားမရေးရာဆိုင်ရာ အစပျိုးမှုများကဲ့သို့သော အကြောင်းအရာဆိုင်ရာနယ်ပယ်များအတွင်း ကောင်းမွန်သောအလေ့အကျင့်များကို မှတ်တမ်းတင်ခြင်းတို့ကို အဓိကထားခဲ့သည်။

အစည်းအဝေးတွင်ပါဝင်သူများ၏တက်ကြွစွာဆောင်ရွက်မှုသည် BRIGHT စီမံကိန်းအောက်ရှိ အနာဂတ်ကြိုးပမ်းမှုများအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ကို ဖော်ဆောင်ပေးသည့် အကျိုးဖြစ်ထွန်းသောအစည်းအဝေးတစ်ခုဖြစ်ကြောင်း သေချာစေသည်။







# စီမံကိန်း လှုပ်ရှားမှု





## ReCAP

ReCAP စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်ပြီးစီးခဲ့သည်။

Multipurpose Cash Assistant (MPCA) အတွက် ငွေသားဖြန့်ဖြူးရေး လုပ်ငန်းများကို မကွေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလက စတင်ခဲ့သည်။ စီမံကိန်းဆောင်ရွက်မည့် ကျေးရွာခြောက်ခုအနက် လေးခုသည် ယင်းဖြန့်ဝေမှုကိုရရှိပြီး အိမ်ထောင်စုတစ်ခုစီတွင် ရှင်သန်မှုအနည်းဆုံးအသုံးစရိတ်ကို အခြေခံ၍ အိမ်ထောင်စုတစ်စုလျှင် သုံးသိန်းကျပ် ရရှိမည်ဖြစ်သည်။

WASH Officer သည် တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ရေးသင်တန်း (ToT) ကို ဇန်နဝါရီ (၂၅ ရက်မှ ၂၆ ရက်နေ့)တွင်တစ်ကြိမ်နှင့် ဖေဖော်ဝါရီ (၅ ရက်မှ ၆ ရက်နေ့)တွင်တစ်ကြိမ် နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ယင်းလေ့ကျင့်ရေးသင်တန်းများကို Zoom အစည်းအဝေးများမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။




## SHAPE

SHAPE စီမံကိန်းသည် တောင်သူနေ့အပါအဝင် လှုပ်ရှားမှုများစွာကို ပြီးမြောက်ခဲ့ပြီး ပါဝင်သောတောင်သူလယ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှု မြှင့်တင်မှုကို အလေးထားပါသည်။

ထို့ပြင် အာဟာရသင်တန်းအစီအစဉ်ကိုပြုလုပ်ခဲ့ရာ ကျေးရွာ ၁၂ ရွာမှ လူ ၁၇၉ ဦးကို ပါဝင်တက်ရောက်ခဲ့ပြီး ကျား၊မ မရွေးပါဝင်သော အာဟာရဆိုင်ရာ အလုံးစုံသော ချဉ်းကပ်မှုကို ဒေသတွင်း မြှင့်တင်နိုင်ခဲ့သည်။

ရေဝေရေလဲ ထိန်းသိမ်းရေး ဆွေးနွေးပွဲတွင် ဒေသခံ၂၇၅ ဦး ပါဝင်ခဲ့ပြီး ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထများကို ရပ်ရွာလူထုအတွင်း မြှင့်တင်ပေးနိုင်ခဲ့သည်။ ဤအစီအစဉ်များသည် ပါဝင်သူများအကြား အသိပညာဖလှယ်ခြင်း၊ ရပ်ရွာတည်ဆောက်ခြင်းနှင့် စွမ်းဆောင်နိုင်မှုတို့ကို စုပေါင်းပံ့ပိုးပေးခြင်းဖြစ်သည်။







# စီမံကိန်း လှုပ်ရှားမှု






## REACH

REACH စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

စီမံကိန်းဆောင်ရွက်မည့်ဒေသရှိ ဒေသခံပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာဒုက္ခများကို သက်သာစေရန်အတွက် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု (MHPSS) သင်တန်းကို နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သင်တန်းနှစ်ခုတွင် ဒေသခံရွာသူရွာသားစုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ပြီး အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် တင်ပြခြင်းတို့ကို ပြုလုပ်သည်။

ထို့ပြင် ကျား-မအခြေခံ အကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာ လေးရက်ကြာ သင်တန်းကို ပို့ချပေးခဲ့ပြီး စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများမှ သင်တန်းသား ၃၆ ဦး ပါဝင်တက်ရောက်ခဲ့သည်။

ကျန်းမာရေးပညာပေးသင်တန်းများကို စီမံကိန်းအကောင်အထည်ဖော်ရေး အဓိကထားသောမြို့နယ်များတွင် ပြုလုပ်ခဲ့ပြီး သင်တန်းသားစုစုပေါင်း ၂၆၀ ဦး အသီးသီးတက်ရောက်ခဲ့သည်။







# Finance Director နှင့် မိသားစုအား နှုတ်ဆက်ခြင်း

ADRA Myanmar သည် ကျွန်ုပ်တို့၏ဘဏ္ဍာရေး ဒါရိုက်တာ Yuba Raj Chaudhary နှင့် ၎င်း၏ဇနီးဖြစ်သူတို့အား ရန်ကုန်မြို့တွင် နှုတ်ဆက်နေ့လည်စာဖြင့် တည့်ခင်းဧည့်ခံ၍ နှုတ်ဆက်ပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

Yuba သည် ADRA Myanmar တွင် ဘဏ္ဍာရေး ဒါရိုက်တာအဖြစ် ၅ နှစ်တာတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဌာနနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားပြီဖြစ်သည်။

Yuba ၏ ဦးဆောင်မှုအောက်တွင်၊ ADRA Myanmar ၏ဘဏ္ဍာရေးဌာနသည် ကျွန်ုပ်တို့၏ ဘဏ္ဍာရေးဆိုင်ရာတိုးချဲ့မှုများ အပါအဝင် သိသာထင်ရှားသော အပြုသဘောဆောင်သော ပြောင်းလဲမှုများကို ဆောင်ရွက်နိုင်ခဲ့သည်။

ADRA Myanmar မိသားစုအနေဖြင့်လည်း Yuba နှင့် သူ၏မိသားစုအား ဘုရားသခင် ကောင်းကြီးပေးပါစေရန်လည်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။





**The Adventist Development and Relief Agency (ADRA) Myanmar**
Apt 3-2, 4 Floor, Block A, E Condo, Zay North Street, Dagon, Yangon, Myanmar
+95-1-240 900 | admin@adramyanmar.org | www.adramyanmar.org